

ဘာသာပြန် စာရေးဆရာ – မေနှင်းစိုး

# ဂိမ်းမာစတာ တောရစိဋ္ဌာ

(နိုင်းယန်)

(Chapter 136 - 150)

စာစဉ် – ၁၀

အပိုင်း ( ၁၃၆ )

အဆင့် ၃၀ လက်ရွေးစင်

တုန်ရာအို လည်း နိုင်းယန် ကို ထူးဆန်းသလိုအကြည့်မျိုးနဲ့ မယုံသကာ် ကြည့်လိုက်တယ်။ ခဏအကြာမှ ထရယ်ပြီး

" မင်း နောက်နေတာမို့လား ..? ငါတို့က ဘာလို့ အသင်းစဖွဲ့ရတော့မှာလဲ ..? "

" မဟုတ်ဘူး .. ငါအတည်ပြောနေတာ၊ ငါတို့က ထိပ်ဆုံးနေရာကနေ ဝင်ယှဉ်ပြိုင်ကြမယ် .. " နိုင်းယန် ဟာ တကယ့်အတည်အပေါက်လေသံနဲ့ ပြောလိုက်တယ်။

" အာ .. ဒီအသံကိုကြားရတာ ဝမ်းထဲကပါ နာကျင်နေသလိုမျိုးကြီးပဲ ငါဆိုလိုတာက အခုချိန်မှာ မကောင်းဆိုးဝါးတွေကိုလည်း အမဲလိုက်နိုင်တယ်၊ ပြီးတော့ မိန်းကလေးတွေကို လိုက်နောက်ပြီး တင်းတိမ်နိုင်တယ်လေ၊ ဒါက လုံလောက်နေပြီမဟုတ်ဘူးလား ?"

တုန်ရာအို က ဦးနှောက်ခြောက်စွာ မေးလိုက်တယ်။

နိုင်းယန် က တုန်ရာအို ရဲ့စကားကို ကြားတဲ့အခါ ခဏလောက်တွေးနေပြီး ရုတ်တရက် ထရယ်လိုက်ပါတော့တယ်။ အခြားသူရဲ့ ခမ်းနားကြီးကျယ်တဲ့ ရည်မှန်းချက်ကို သိရသည့်အခါ အခြားသူတွေက အလေးအနက်ရှိပေမယ့်လည်း သူ့ညီအစ်ကိုကတော့ ထိုကဲ့သို့ အလေးအနက် ထားတတ်တဲ့သူမျိုး

မဟုတ်ခဲ့ဘူး။ ခဏလောက် ချင့်ချိန်စဉ်းစားကြည့်ပြီးနောက်မှာ အသင်းတစ်ခု ဖွဲ့ဖို့အတွက် စီစဉ်တာဟာ အချိန်မစောလွန်းတော့ဘူးလို့ တွေးမိလိုက်တယ်။ သူ့ဘေးမှာ ယုံကြည်ရတဲ့သူလည်း သိပ်မရှိသေးဘူးလေ။ ပြီးတော့လည်း မြေအောက်စခန်းကို သွားတဲ့အခါမှာ သူတစ်ယောက်ထဲ အသင်းတစ်ခုလုံးကို ထိန်းချုပ်ဖို့ မဖြစ်နိုင်သေးပါဘူး။

နိုင်းယန် ရဲ့အဖေဟာ လက်ရှိအချိန်မှာတော့ နိုင်ငံရဲ့နယ်စပ်မှာ ပစ္စည်းတွေကို မှောင်ခိုသွင်းနေခဲ့တယ်။ နောင်အနာဂတ်မှာ သူ့ရဲ့ ကုမ္ပဏီအတွက် အစီအစဉ်တွေကို စပြီးပြင်ဆင်နေခဲ့ပါပြီ။ ထုတ်လုပ်ဖို့အတွက် စက်ပစ္စည်းများကိုလည်း စီစဉ်နေခဲ့တယ်။ အရှေ့ပိုင်း နှင့် မြောက်ပိုင်းနယ်စပ်က အိမ်နီးချင်း နိုင်ငံတွေကို ကြိုပြီး တီးခေါက်ထားပြီးဖြစ်ပါတယ်။ ရလဒ်အနေနဲ့ ရိတ်သိမ်းရမယ့် အကျိုးအမြတ်က အတော်လေးကို များမှာပါ။ သို့ပေမယ့်လည်း အတော်လေး စွန့်စားရပြီး အန္တရာယ်လည်း အရမ်းများပါတယ်။ ထိုအပေးအယူတွေသာ တစ်ခုခုဖြစ်သွားခဲ့ရင်တော့ ကုမ္ပဏီလည်း ဒုက္ခများမှာဖြစ်တယ်။ ဘာ့ကြောင့်လည်းဆိုတော့ သူပိုင်ဆိုင်တဲ့ ကုန်သွယ်ရေးများကို အခြားကုမ္ပဏီများကလည်း အရမ်းလိုချင်နေကြတာကြောင့်ဖြစ်တယ်။ အရင်အချိန်တုန်းက ထိုအန္တရာယ်များကို မကြုံတွေ့ရအောင် နိုင်းယန် ရဲ့အဖေဟာ လူသားများရဲ့ ဒုတိယကမ္ဘာလို့ လူသိများတဲ့ ဂိမ်းအဖွဲ့အစည်းထဲကို ရင်းနှီးမြှုပ်နှံခဲ့တယ်။ သူ့ရဲ့ အသစ်တည်ထောင်ထားတဲ့ ဂိမ်းကုမ္ပဏီအတွက် ကျွမ်းကျင်သူတွေကို ငှားရမ်းပြီး အသင်းတစ်ခုကို တည်ထောင်ခဲ့တယ်။ ထိုအသင်းဟာ အဲ့အချိန်တုန်းက စစ်ပွဲနတ်ဘုရားအဖွဲ့အစည်း လို့ခေါ်ပြီး အရမ်းကို လူသိထင်ရှား ကျော်ကြားခဲ့တယ်။

သူ့အဖေရဲ့ များပြားလွန်းတဲ့ ကျောထောက်နောက်ခံကြောင့် စစ်နတ်ဘုရားအဖွဲ့အစည်း ဟာ အောင်နိုင်သူအဖွဲ့အစည်း ကို လွှမ်းမိုးနိုင်ပြီး

ပြိုင်ဘက်ကင်းတဲ့ အင်အားရှိလာခဲ့တယ်။ သူ့ထိန်းချုပ်မှု အောက်မှာရှိတဲ့ လက်ရွေးစင်တွေဟာ နိုင်းယှဉ်လို့မရအောင် သာလွန်ခဲ့တယ်။ သို့သော်လည်း အသင်းဟာ ပိုပြီး အင်အားကြီးမားလာတာရဲ့ အကျိုးဆက်ကတော့ ဗာရီဒီယန် အင်ပါယာ ရဲ့ နတ်ဘုရားတမျှဖြစ်တဲ့ သူ့တို့နေရာကို လုဖို့အတွက် အောင်နိုင်သူအဖွဲ့အစည်း ဟာ အခြေအနေတွေ တင်းမာလာခဲ့ပြီး တန်ပြန်တိုက်ခိုက်လာခဲ့တယ်။ သူတို့ဟာ စစ်နတ်ဘုရား အဖွဲ့အစည်း လက်အောက်မှာ ရှိတဲ့ နိုင်ငံနှစ်ခုကို ဝိုင်းလိုက်ပြီး တစ်ခုပြီး တစ်ခု သိမ်းပိုက်လိုက်တယ်။ ပြီးတော့ သူတို့ရဲ့ စီးပွားရေးတွေကို တိုးချဲ့ပစ်လိုက်တယ်။ ဂိမ်းထဲကို နောက်ကျမှ ဝင်လာခဲ့တာကြောင့် သူတို့ရဲ့ အခြေခံဟာ ခိုင်မာမှုမရှိခဲ့ပါဘူး။ ပြီးတော့ သူတို့ဟာ ပိုင်ဆိုင်လွှမ်းမိုးမှုတစ်ခုထဲသာ ရှိခဲ့တယ်။ ထိုအရာက နိုင်းယန် ရဲ့ ဝမ်းကွဲအစ်ကို ဖွင့်ထားတဲ့ လေလံအဆောက်အဦတစ်ခုဖြစ်တယ်။ ထို့ကြောင့် သူတို့ဟာ ရန်သူရဲ့ ရက်စက်စွာ တိုက်ခိုက်မှုအောက်မှာ စိစိညက်ညက်ကြေအောင် ချေမွခြင်းခံလိုက်ရတယ်။

အမှန်တကယ်တော့ စစ်နတ်ဘုရား အဖွဲ့အစည်း စပြီးပေါ်လာတုန်းက အောင်နိုင်သူအဖွဲ့အစည်း ဟာ ထိုးကျသွားခဲ့တာ သိသိသာသာပါပဲ။ သူတို့သာ နည်းနည်းလောက် ဖိနှိပ်ခဲ့ပြီး နောက်ထပ် အင်အားကြီး တဲ့ တိုက်ခိုက်မှုတွေကို ပြုလုပ်နိုင်ခဲမယ်ဆိုရင် အောင်နိုင်သူအဖွဲ့အစည်း ဟာ ဆုံးရှုံးမှာ သေချာပါပဲ။ ဖြာထွက်နေသောအလင်းတန်း၊ သွေးဆာနေသော ဓားသွား စသည်ဖြင့် အခြားအသင်းတွေသာ ရန်မစခဲ့ရင် စစ်နတ်ဘုရား အဖွဲ့အစည်း ဟာ ကျရှုံးမှာ မဟုတ်ပါဘူး။ ၎င်းအသင်းများ စုပေါင်းကာ တိုက်ခိုက်လာမှုကြောင့် သူ့အဖေ ရဲ့ စီးပွားရေးဟာ အဓိပ္ပာယ်မဲ့သွားခဲ့ရတာပါ။

အစစ်အမှန်ကမ္ဘာ ဟာ အရမ်းကို ကြမ်းတမ်းပြီး ရက်စက်လွန်းလှပါ

တယ်။ သူ့အဖေရဲ့ အသင်းသာ နယ်မြေတွေကို မဆုံးရှုံးခဲ့ဘူး၊ ပြီးတော့ အောင်နိုင်သူ အဖွဲ့အစည်းကိုလည်း နိုင်ခဲ့မယ်ဆိုရင် သူတို့ဟာ များစွာသော စတိုးဆိုင်များ၊ လေလံအဆောက်အဦများ နှင့် အခြားပိုင်ဆိုင်မှုတွေ ပါဝင်တဲ့ နယ်မြေ ၁၃ ခုကို ပိုင်ဆိုင်မှာဖြစ်ပြီး သူ့မိသားစုကို ကြွယ်ဝချမ်းသာစေပြီး မျိုးဆက်ပေါင်းများစွာအတွက် အကျိုးအမြတ်တွေ ကျန်နေခဲ့မှာပါ။

အဆုံးသတ်မှာတော့ သူ့အဖေရဲ့ ကုမ္ပဏီဟာ နာကျင်မှုများကို ခါးစီးခံပြီး အောက်ခြေကနေ တည်ဆောက်ခဲ့ပေမယ့်လည်း ဖြိုလဲလိုက်ခြင်းကို ခံလိုက်ရပါတယ်။ ကံတရားက သူတို့ဘက်မှာ မရှိနေခဲ့ပါဘူး။ လက်ရှိဘဝသစ်မှာတော့ စစ်နတ်ဘုရား အဖွဲ့အစည်းကို အဓိက ခုခံမှုအချက်ကို ဟောင်းလောင်းပေါက်ကြီး ပေါ်မှာ မတည်ဆောက်မိအောင် သေချာစီမံမှာဖြစ်တယ်။ အစောပိုင်းတုန်းက သူဝယ်ယူခဲ့တဲ့ မြေနေရာတွေဟာ ကာလို့မြို့မှာ ခိုင်မာတဲ့ ခြေကုတ်ရစေဖို့ ကူညီပေးမှာဖြစ်တယ်။ ထိုနေရာတွေကနေ ရလာတဲ့ ဝင်ငွေနဲ့ အရမ်းကို များပြားတဲ့ စီးပွားရေးကို ရက်ရက်စက်စက် ကျယ်ပြန့်အောင် လုပ်နိုင်တော့မှာဖြစ်တယ်။ ထို့အပြင် စစ်နတ်ဘုရား အဖွဲ့အစည်း ကိုလည်း အလွယ်တကူလှဲချပစ်လို့ မရနိုင်တဲ့ အမြင့်တစ်နေရာကို ရောက်အောင် တည်ထောင်နိုင်မှာဖြစ်တယ်။

နိုင်းယန် ဟာ သူ့အဖေက စစ်နတ်ဘုရား အဖွဲ့အစည်းကို တည်ထောင်နိုင်တဲ့ အချိန်ထိ စောင့်ချင်ခဲ့တာပါ။ ပြီးတော့ လူအများသိလာပြီး သူ့ရဲ့ ကျွမ်းကျင်မှုနဲ့ ပေါင်းစပ်ကာ တည်ထောင် ချင်တာဖြစ်တယ်။ ဘာ့ကြောင့်လည်းဆိုတော့ သူ့အဖေဟာ ဘော်ဒါဟောင်းကြီးများ၊ တက္ကသိုလ်မှ အပေါင်းအပါများ၊ ယုံကြည်ရဆုံးသူငယ်ချင်းများ နှင့် ထူးချွန်တဲ့ ဝန်ထမ်းတွေကို ငှားရမ်းပြီးချိန်မှာ အသင်းရဲ့ တိုးတက်မှုနဲ့ ပတ်သက်ပြီး စိုးရိမ်စရာ မလိုတော့ပါဘူး။ သို့သော်လည်း မကြာသေးခင်က တိုးတက်မှုတွေကို

စဉ်းစားကြည့်ရင် အကြာကြီးထပ်စောင့်ခဲ့ရင် နောက်ကျသွားတော့မှာလား ?

ဒုတိယအခွင့်ရေးပေးထားပေမယ့်လည်း သူဟာ ကံကြမ္မာကို စိုးရိမ်နေမိတယ်။ အခုချိန်မှာ သူ့ရဲ့ လွှမ်းမိုးမှုကို တစ်လှမ်းချင်းတက်သွားချင်ခဲ့ပါတယ်။ ဘာ့ကြောင့်လည်းဆိုတော့ အရာအားလုံးကို အရမ်းကြီး အလျင်လိုခဲ့ရင် ကျဆုံးသွားမှာဖြစ်တယ်။ ပြီးတော့လည်း သူဟာ တစ်ဦးထဲဖြစ်ပြီး သူ့မှာ ရှိတဲ့ စွမ်းအားကလည်း အကန့်အသတ်နဲ့ပါ။

နိုင်းယန် က တုန်ရာအို ကို ပြုံးပြီး ခေါင်းရမ်းပြလိုက်တယ်။

" မင်းနားမလည်ပါဘူးကွာ မင်းတစ်ယောက်ထဲဖြစ်နေခဲ့ရင် မင်းကိုမင်းဒါမှမဟုတ် မင်းနားက သူတွေကို ကာကွယ်ပေးနိုင်မှာမဟုတ်ဘူး။ တစ်ယောက်ထဲ အားက ဘယ်လောက်ပဲ အင်အားကြီးပါစေ အများနဲ့ ယှဉ်လာခဲ့ရင် အသုံးမဝင်တော့ဘူးကွ"

" ငါနားမလည်ဘူး။ ဘယ်အသင်းနဲ့မှလည်း အရမ်းကြီး ပဋိပက္ခ မဖြစ်ဖူးဘူးလေ။ သူတို့က ငါ့ကို ဘာလို့ နှောက်ယှက်ကြမှာလဲ ..? "

" ဘယ်အချိန်ပဲဖြစ်ဖြစ် မင်းက ပြဿနာမရှာခဲ့ရင်တောင် ပြဿနာက မင်းကို မတွေ့တွေ့အောင် လိုက်ရှာလိမ့်မယ် "

. နိုင်းယန် က ခေါင်းကို ခါရမ်းလိုက်ပြီး ခါးသီးစွာ ပြုံးလိုက်တယ်။ ပြီးတော့ ဆက်ပြီး "အသင်းတစ်ခုတည်ထောင်တယ်ဆိုတာ ငြီးငွေ့စရာကောင်းပြီး ခက်ခဲတဲ့ အလုပ်တစ်ခုပဲ။ ဒီကိစ္စကို နောက်မှ ထပ်ပြီး ဆွေးနွေးကြရအောင် ..? အခုတော့ မကောင်းဆိုးဝါးတွေကို အေးအေးဆေးဆေး လိုက်ခိုက်ကြမယ် "

" အိုး .. ကောင်းပြီလေ၊ ဒါဆိုလည်း အဆင့်တက်ဖို့ စလိုက်ကြရအောင်"

တုန်ရာအို က ပြန်ဖြေလိုက်တယ်။ နည်းနည်းတော့ ရှုပ်ထွေးသွားတဲ့ ပုံစံပါပဲ။

"ငါတို့အတူတူ တိုက်ပွဲဝင်ဖို့ ပြင်ဆင်နေတုန်း သူကဘာလို့ ရုတ်တရက်ကြီး ငါတို့ ကိုယ်ပိုင်အသင်းထောင်ဖို့ ပြောလာရတာလဲ ..?"

အောင်နိုင်သူအဖွဲ့အစည်းဟာ အခုချိန်မှာ သူ့အထက်မှာ ရှိနေတာကို သိထားပါတယ်။ သို့ပေမယ့် သူသာ ဂရုတစိုက်နေနေသရွေ့ သူ့ကို ထိခိုက်အောင် လုပ်နိုင်ကြမှာ မဟုတ်ပါဘူး။ ပြီးတော့လည်း တစ်ယောက်ထဲသော ကစားသမားကို လိုက်ရှာပြီး ဖမ်းဆီးဖို့ဆိုတာ အတော်လေးကို ခက်ခဲတဲ့ ကိစ္စတစ်ခုပါပဲ။ သူ့လို အဆင့်မြင့်တဲ့ ဖုံတွေကို လိုက်ပြီး တစ်ယောက်ထဲ တိုက်ခိုက်နေတတ်တဲ့ ကျွမ်းကျင်သူခိုးတစ်ယောက်ကိုဆို ပိုလို့ ဝေးသေးတာပေ့ါ။

အကြေးခွံထူဖားကြီးတွေဟာ ၎င်းတို့ရဲ့ကြီးမားတဲ့ ခန္ဓာကိုယ်ကြီးတွေကြောင့် ကိုယ့်ယို့ကားယား ဖြစ်နေပေမယ့်လည်း ရန်သူကို တွေ့လိုက်တာနဲ့ အရမ်းကို လျင်မြန်တဲ့နှုန်းနဲ့ တိုက်ခိုက်ကြမှာပါ။ ဒါကလည်း သူတို့ရဲ့ ပစ်မှတ်ကို တွေ့ဦးမှဖြစ်တာပါ။ သူတို့သာ မတွေ့ခဲ့ဘူးဆိုရင် တစ်နေ့လုံး တိုက်ခိုက်နေရင်တောင် ဘာမှ ဖြစ်မြောက်လာမှာမဟုတ်ပါဘူး။

ကြေးခွံထူဖား (လက်ရွေးစင်) - အဆင့် ??

နိုင်းယန် ဟာ အဆင့်ကို ကြည့်လို့မရနိုင်သေးပါဘူး။ ဒါပေမယ့် အရင်အတိတ်တုန်းက အတွေ့အကြုံအရ ဒီအကောင်ကြီးတွေဟာ အဆင့် ၃၀ တွေဆိုတာကို သိထားပါတယ်။

မင်း အဆင့်သင့်ဖြစ်ပြီလား ..? နိုင်းယန် ကမေးလိုက်တယ်။

အမြဲအဆင့်သင့်ပဲ တုန်ရာအို က တံတွေးမြိုချလိုက်တယ်။

မစိုးရိမ်ပါနဲ့၊ သူတို့နဲ့ ၂၅ မီတာ အဝေးမှာ နေနေသရွေ့ သူတို့က ခံစား ချက်မဲ့တဲ့ အသားတုံးကြီးတွေထက် မပိုပါဘူး။ ဂါထာရွတ်ဖို့သာ အာရုံစိုက် ထားလိုက်ပါ။ ဒါဆို မင်းအဆင်ပြေပြေပါ လိမ့်မယ် နိုင်းယန် က တုန်ရာအို ရဲ့ ပုခုံးကို ပုတ်လိုက်ပြီး ပြုံးပြလိုက်တယ်။

ကောင်းပြီလေ .. မင်းပြောသလိုပေါ့.. တုန်ရာအို လည်း သူ့ရဲ့လေနက် မှော်တုတ်တံကို မြှောက်လိုက်တယ်။ အသစ်စက်စက် တပ်ဆင်ထားတဲ့ မှော်တုတ်တံက သူ့ရဲ့ မှော်အစွမ်းကို သိသိသာသာ တိုးတက်စေပါတယ်။ သို့သော်လည်း အဆင့် ၃၀ ရှိတဲ့ မကောင်းဆိုးဝါးတစ်ကောင်ကို ရင်ဆိုင်တဲ့ အခါမှာ ထိခိုက်မှုအစွမ်းနဲ့ ပတ်သက်ပြီး နည်းနည်းလေးတောင် ယုံကြည်မှု မရှိဖြစ်နေပါတယ်။

ထို့နောက်တွင် အိတ်ထဲက ထုတ်ထားတဲ့ မီးခိုးမှုန့်ပေါင်ဒါထုပ်ကို ကိုယ် ဖျောက်ထားရင်း ဖားကြီးဆီကို ယူသွားခဲ့တယ်။ အကြေးခွံထူဖားကြီးနဲ့ ၁၀ မီတာ အကွာအဝေးကို ရောက်တဲ့အခါမှာ ၎င်းအကောင်ကြီးဟာ ချက်ချင်း လှုပ်ရှားလာခဲ့တယ်။ သူရှိနေတာကို သိထားမိသွားပြီ။ ဖူး . သူ့လက်ထဲမှာ အိတ်ကို ဖောက်ထုတ်လိုက်ပြီး ပတ်ဝန်းကျင်တစ်ခုလုံးကို တိမ်ခိုးတွေ တ ဟုန်ထိုး ပွားများသွားခဲ့တယ်။ သတ်မှတ်ထားတဲ့အချိန်အတွင်း မီတာ ၃၀ တဝိုက်ကို ဖုံးလွှမ်းသွားခဲ့တယ်။

ထို့နောက် ထိုနေရာကနေ အနောက်ကို ချက်ချင်းပြန်ဆုတ်လိုက်တယ်။ တစ်ချိန်ထဲမှာပဲ အကြေးခွံထူဖားကြီး ဟာ ဘာတစ်ခုမှ တုန့်ပြန်ပုံမရပဲ ထို နေရာမှာ အေးဆေး ပျောက်သွားနေခဲ့ပါတယ်။

မင်းအခု စလို့ရပြီ၊ သတိထားဦး အရမ်းကြီး ကပ်မသွားနဲ့

နိုင်းယန် က အရှေ့ကို တက်ဖို့ အချက်ပြတဲ့အချိန်မှာ တုန်ရာအို လည်း အကြေးခွံထူဖားကြီး နားကို တဖြေးဖြေး ကပ်သွားခဲ့တယ်။ မီတာ ၃၀

အတွင်းရောက်သွားချိန်မှာ ဖားကြီးကို ဂါထာ နဲ့ တိုက်ခိုက်လို့ ရတဲ့ အနေအထားရောက်သွားခဲ့ပါပြီ။

ဆန်းကြယ်မီးလုံးပေါက်ကွဲမှု တိုက်ကွက်

တုန်ရာအို ဟာ ဂါထာကိုရွတ်ဆိုပြီး ပစ်လွှတ်လိုက်ချိန်မှာ အနက်ရောင် မီးလုံးကြီး ဟာ လေထဲကို ထွက်လာခဲ့ပြီး အကြေးခွံထူ ဖားကြီးကို ထိမှန် သွားခဲ့တယ်။ ဘမ်း မန္တာန်တွေဟာ ၎င်းခန္ဓာကိုယ်ပေါ်မှာ ပေါက်ကွဲသွား ပြီး သွေးအမှတ် ၁၀ မှတ်ကို ကျသွားစေခဲ့တယ်။

တိုက်ခိုက်ခံရပြီးနောက်မှာ အကြေးခွံထူဖားကြီး ဟာ ချက်ချင်း အသိဝင် လာပြီး ၎င်းရဲ့ လုံးဝိုင်းတဲ့ မျက်လုံးကြီးဟာ သူ့ကို ရန်စတဲ့သူကို လိုက်ပြီး ရှာဖွေပါတော့တယ်။ သို့သော်လည်း တုန်ရာအို ကို မရှာတွေ့တာကြောင့် ၎င်းဟာ မလှုပ်မယှက်အခြေအနေကို ပြန်ရောက်သွားပြန်တယ်။

ဖားကြီးဟာ သူရှိတဲ့နေရာကို သတိကြီးကြီးထားပြီး ခြေလှမ်းတွေ အများ ကြီးလှမ်းလာတာကို မြင်တဲ့အခါ တုန်ရာအို ဟာ အရမ်းကို ကြောက်လန့် သွားခဲ့တယ်။ ဒါပေမယ့် ၎င်းဟာ ချက်ချင်း ပြန်ပြီးတည်ငြိမ် သွားတာကို မြင်တဲ့အခါ သူ့ရဲ့ ကြောက်လန့်နေတဲ့ စိတ်တွေဟာ ချက်ချင်း ပျောက်သွားခဲ့ တယ်။ နောက်ထပ် ဂါထာပေါင်းများစွာ နဲ့ တိုက်ခိုက်နေခဲ့သော်လည်း သူရှိ နေတာကို သတိတောင် မထားမိစေခဲ့ပါဘူး။

အရာအားလုံးက အဆင်ပြေပြေပါပဲ။ ဒါဟာ နိုင်းယန် ရဲ့ ရှေ့ကို ကြိုတွေး တတ်ပြီး ဒီနည်းလမ်းကို ကျင့်သုံးခဲ့တာကြောင့်ဖြစ်တယ်။ အဆင့် ၃၀ ရှိတဲ့ လက်ရွေးစင် အကြေးခွံထူဖားကြီးကို သတ်ရတာက အတားအဆီးထဲမှာ ရှိ နေတဲ့ ငါးတစ်ကောင်ကို ပိုက်ကွန်နဲ့ ပစ်ဖမ်းရသလိုပါပဲ။

တုန်ရာအို ဟာ နောက်ဆုံးတော့ စိတ်အေးသက်သာရာ ရသွားခဲ့တယ်။ ထိုဖားကြီး ရဲ့ အနား ၂၅ မီတာ အတွင်းကို မရောက်သွားသရွေ့ လုံခြုံနေမှာ

ပါ။

အဆင့် ၃၀ ရှိတဲ့ လက်ရွေးစင်အကြေးခွံထူဖားတစ်ကောင်ကို သတ်ဖို့အတွက် ဒီနည်းလမ်းကို သုံးလို့ရတာပဲ။ ဒါဟာ တကယ့်ကို ရိုးရှင်းပြီး အံ့သြဖို့ကောင်းတဲ့ နည်းလမ်းတစ်ခုပဲ။ ဒီလို အဆင့်မြင့်တဲ့ လက်ရွေးစင်မကောင်းဆိုးဝါး တစ်ကောင်ကို ကျသွားအောင် သတ်နိုင်တဲ့ ပစ္စည်းက ဘယ်လို မျိုးပါလိမ့်လို့ အရမ်းကို ထူးဆန်းနေခဲ့မိတယ်။

ဆန်းကြယ်နတ်သားလေး ဟာ တုန်ရာအို ရဲ့ မာနာကို လုံးဝမကျသွားစေခဲ့ပါဘူး။ ဖားကြီး နဲ့ အကွာအဝေးကို ချိန်ညှိရင်း နေရာချိန်းကာ မီးလုံးတွေနဲ့ တိုက်ခိုက်နေခဲ့တယ်။ လေထုထဲမှာ ပြန့်နေတဲ့ မာနာတွေဟာ သူ့ဆီကို ကူးပြောင်းသွားခဲ့တယ်။ နတ်သားလေးဟာ သူ့ဘေးနားကနေ ပူပေါင်းတွေကို အဆက်မပြတ် မှုတ်ထုတ်နေပါတယ်။

ဆန်းကြယ်မီးလုံး မီးရှူးပျံတိုက်ကွက် ပေါက်ကွဲသည့်မီးလုံး

ဂါထာတွေနဲ့ ဆက်တိုက်ပစ်ခတ်နေခဲ့တယ်။ တုန်ရာအို ကိုကြည့်ရတာမာနာ တွေအကန့်အသတ်မရှိ သုံးစွဲလို့ရနေပြီး သူ့ရဲ့ မာနာ အစွမ်းဘားတန်းကလည်း လုံးဝမကျသွားခဲ့ပါဘူး။

ငါ့ရဲ့ဆန်းကြယ်မီးတောက် တိုက်ကွက်က အဆင့်တက်နေတာပဲ တုန်ရာအို က ကွန်ပျူတာစနစ်ရဲ့ ကြော်ငြာချက်ကို ကြားတဲ့အခါမှာ အရမ်းကို အံ့အားသင့်သွားခဲ့တယ်။ ဖြာထွက်နေသော အလင်းတန်းအဖွဲ့က သဘာဝအင်အားစု ဒိုရန်ချန် ကိုပြန်သတိရသွားခဲ့တယ်။ ထိုသူဟာ သူ့ရဲ့ အသင်းသားတွေအားလုံးကို ဂါထာတစ်ခုထဲနဲ့ ရှင်းလင်းပစ်နိုင်ခဲ့တယ်။ ထိုအချိန်မှာပဲ သူဟာ ဒိုရန်ချန် ရဲ့ ထိခိုက်မှုအစွမ်းကြောင့် အရမ်းကို ကြောက်လန့်ခဲ့ရတယ်။ အခုတော့ သူဟာ ပြိုင်ဘက်ကို ဂါထာ တစ်ခုထဲနဲ့ တိုက်ခိုက်နိုင်ခဲ့ပါပြီ။

တုန်ရာအို တိုက်ခိုက်နေတာကို ကြည့်ရတာ ဂတ်တလင်း သေနတ်တစ်ခု လိုပါပဲ။ နိုင်းယန် ဟာ အဆင့် ၅ရှိတဲ့ ဆန်းကြယ်နတ်သားကို ပိုင်ဆိုင်ထားတဲ့ ကစားသမားတစ်ယောက်ကိုတောင် သတိရမိခဲ့တယ်။ အခုချိန်မှာတော့ တုန်ရာအို ဟာ တကယ့်ကို ထိုသူနဲ့ ဆင်တူပါတယ်။

၁၀ ၁၁ ၁၀ ၁၃၂

အကြေးခွံထူဖားကြီး ရဲ့ခေါင်းအထက်မှာ ထိခိုက်မှု အမှတ်တွေဟာ တသီတတန်းကြီး ပေါ်လာခဲ့တယ်။ အများစုကအတော်လေး နည်းပါတယ်။ သို့သော်လည်း တစ်ခါတရံ အဆင့်လျစ်လျူရှုနိုင်တဲ့ ဂါထာတွေကြောင့် ထိခိုက်မှု အမှတ်ဟာ အတော်လေးကို ကြောက်စရာကောင်းလောက်အောင် များလွန်းတယ်။

ထိုစဉ်အချိန်မှာတော့ နိုင်းယန် ဟာ ဘာတစ်ခုမှ လုပ်စရာတောင်မလိုပါဘူး။ အနောက်မှာနေရင်း အေးဆေးနေကာ ကျွမ်းကျင်အမှတ် အလကားရနေခဲ့တယ်။

တုန်ရာအို ဟာ အရာအားလုံးကို မြူးကြွသွားအောင် ဂါထာတွေတစ်သီတတန်းကြီး ရွတ်ဆိုလိုက်တယ်.

ကြယ်ပျံတိုက်ကွက်

တစ်လှိုင်းပြီး တစ်လှိုင်း ကြယ်ပျံမီးလုံးတွေဟာ ကောင်းကင်ကနေ ပျံကျလာပြီး ဖားကြီးအပေါ်ကို ကျသွားကုန်တယ်။ ထိုနေရာတစ်ခုလုံး ဗုံးဒဏ်ခံရပြီး ပတ်ဝန်းကျင်က မြေကြီးတွေဟာ အနက်ရောင်အဖြစ် ပြောင်းသွားခဲ့တယ်။

ဂါထာကို ရွတ်ဆိုပြီးနောက်မှာ တုန်ရာအို ရဲ့ မာနာ ဟာ ၅ ပုံတစ်ပုံအထိ ကျသွားခဲ့တယ်။ ဒါပေမယ့် ချက်ချင်းပဲပြန်ပြည့်သွားခဲ့တယ်။ အရင်တုန်း

ကဆိုရင် တုန်ရာအို ဟာ ကြယ်ပျံ့ဂါထာကို အသုံးပြုတဲ့အခါ သူ့မာနာ အမှတ်ဟာ အများကြီး ကုန်သွားခဲ့တယ်။ သို့သော်လည်း အဆင့် ၃ ဆန်းကြယ် နတ်သားလေးရဲ့ အစွမ်းကြောင့် သူ့ရဲ့မာနာဟာ ၃၀၀ ရာခိုင်နှုန်း အထိ တိုးလာခဲ့တယ်။ ကြယ်ပျံ့တိုက်ကွက်ကို အသုံးပြုဖို့အတွက် မာနာ အမှတ် နောက်ထပ် လျော့သွားမှာ ကြောက်စရာမလိုတော့ပါဘူး။

***